# လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး မူဝါဒ

**နိဒါန်း**

မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် တောင်းဆိုထောက်ခံပေးရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်း (DRAF) သည် ကျင့်ဝတ်ဆိုင်ရာ အမြင့်ဆုံးစံနှုန်းများကို လိုက်နာရန် သန္နိဋ္ဌာန်ချထားပြီး မည်သည့်လာဘ်ပေးလာဘ်ယူမှုမျိုးကိုမဆို ပြုလုပ်မည်မဟုတ်သကဲ့သို့ လျစ်လျူရှုထားမည်လည်း မဟုတ်ပါ။

**လွှမ်းခြုံထားခြင်း**

လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒသည် DRAF ဝန်ထမ်းများအားလုံးအပြင် ထပ်ဆင့်ကန်ထရိုက်များ၊ အေးဂျင့်များ၊ ကြားဝင်ဆောင်ရွက်ပေးသူများနှင့် လုပ်ငန်းမိတ်ဖက်များအပါအဝင် မည်သည့်နေရာ၊ ရာထူး၌မဆို DRAF နှင့် ပူးပေါင်းဆောင်ရွက်နေသော၊ ကိုယ်စားပြုနေသော သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကြားခံအဖွဲ့အစည်းများအားလုံးနှင့်သက်ဆိုင်ပါသည်။

ဆိုလိုသည်မှာ DRAF အတွက် လုပ်ကိုင်နေသော သို့မဟုတ် ကိုယ်စားလုပ်ကိုင်နေသော မည်သူမဆို တံစိုးလက်ဆောင်၊ ကူညီပေးရန် ပေးသည့်ငွေ၊ ဖြတ်စားငွေ သို့မဟုတ် အခြား မလျော်ကန်သော ပေးငွေများ တောင်းခံခြင်း၊ လက်ခံခြင်း၊ လက်ခံရန် သဘောတူညီခြင်း၊ ကတိပေးခြင်း၊ ကမ်းလှမ်းခြင်း သို့မဟုတ် ပေးခြင်းတို့ကို မည်သည့်အခါမှ မပြုလုပ်ရပါ။

DRAF သည် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး မူဝါဒကို ၎င်း၏ ဝက်ဘ်ဆိုက်တွင် တင်ထားမည်ဖြစ်သည်။

**တံစိုးလက်ဆောင်များ**

DRAF သည် တံစိုးလက်ဆောင်များ တောင်းခံခြင်း၊ လက်ခံခြင်း၊ လက်ခံရန် သဘောတူညီခြင်း၊ ကတိပေးခြင်း၊ ကမ်းလှမ်းခြင်း သို့မဟုတ် ပေးခြင်းတို့ မပြုလုပ်ပါ။ ဤတားမြစ်ချက်သည် အောက်ပါတို့နှင့် သက်ဆိုင်သည် -

- ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် နိုင်ငံခြား သို့မဟုတ် ပြည်တွင်း အစိုးရအရာရှိများ သို့မဟုတ် ဝန်ထမ်းများ သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီ သို့မဟုတ် လူပုဂ္ဂိုလ်များနှင့် လုပ်ကိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များ
- တိုက်ရိုက်သော်လည်းကောင်း၊ အေးဂျင့်၊ ကိုယ်စားလှယ်၊ ကန်ထရိုက်တာ၊ စပ်တူလုပ်ကိုင်သူ၊ ဖောက်သည်/သုံးစွဲသူ၊ ပစ္စည်းသွင်းသူ သို့မဟုတ် မိသားစုဝင်ကဲ့သို့ ကြားခံအဖွဲ့အစည်းတစ်ခုခုမှ တစ်ဆင့်သော်လည်းကောင်း ပြုလုပ်သည့် ငွေပေးချေမှု သို့မဟုတ် ငွေလက်ခံမှုများ

အလှူနှင့် ပညာရေးဆိုင်ရာ လှူဒါန်းမှုများတွင် စီးပွားရေးအကျိုးအမြတ်အလို့ငှာ လာဘ်ပေးလာဘ်ယူခြင်းကို ဖုံးကွယ်ထားခြင်းအား တားမြစ်ထားသည်။

တံစိုးလက်ဆောင်များနှင့် တားမြစ်ထားသည့် 'ကူညီပေးရန်' ပေးသည့်ငွေသည် ခြားနားမှုမရှိပါ။ ကူညီပေးရန် ပေးသည့်ငွေဆိုသည်မှာ ရာထူးနိမ့်သော အစိုးရအရာရှိတစ်ဦးအား တရားဝင်လိုအပ်ချက်အရမဟုတ်ဘဲ ၎င်းတွင် စီမံပေးရမည့် တရားဝင်တာဝန်ရှိသော လုပ်ငန်းစဉ်တစ်ခုကို လုပ်ဆောင်ရန် သို့မဟုတ် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးရန် ပေးသည့် ပမာဏအနည်းငယ်ရှိသည့် ငွေကြေးဖြစ်သည်။ ကျွန်ုပ်တို့၏ အေးဂျင့်များ၊ ထပ်ဆင့်ကန်ထရိုက်များနှင့် ပစ္စည်းသွင်းသူများသည် ကျွန်ုပ်တို့ကိုယ်စား ကူညီပေးရန် ပေးသည့်ငွေများ မပေးကြစေရန် ကျွန်ုပ်တို့ဘက်မှလည်း ကြိုးပမ်းလျက်ရှိပါသည်။

တံစိုးလက်ဆောင်တစ်ခုတွင် အောက်ပါတို့ အပါအဝင် ပေးသော သို့မဟုတ် လက်ခံသော အကျိုးခံစားခွင့်များ ပါဝင်သည် -

- ငွေသား
- အကူအညီများ

- မိသားစု သို့မဟုတ် မိတ်ဆွေများအတွက် သင်တန်း သို့မဟုတ် အလုပ်အကိုင် အခွင့်အလမ်းများရရန် မလျော်ကန်သော အကျိုးကျေးဇူးများ (လုပ်ငန်း အတွေ့အကြုံ၊ သင်တန်းသား ရာထူးများ၊ အလုပ်သင် သို့မဟုတ် အမြဲတမ်းဝန်ထမ်းရာထူးများ)
- ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း
- လက်ဆောင်များ၊ ဧည့်ခံပြုစုခြင်း သို့မဟုတ် ဖျော်ဖြေခြင်း

**လက်ဆောင်များနှင့် ဧည့်ခံပြုစုခြင်း**

လုပ်ငန်းယဉ်ကျေးမှုအဖြစ် တော်သင့်ရုံမျှဖြစ်သော လက်ဆောင်များနှင့် ဧည့်ခံပြုစုမှုများ ပေးခြင်း၊ လက်ခံခြင်းသည် လက်ခံနိုင်သော လုပ်ငန်းထုံးစံတစ်ခုဖြစ်ပြီး ယင်းမှာ လုပ်ငန်းနှင့်နှီးနွယ်ပါက သင့်လျော်သောအတိုင်းအတာသာဖြစ်ပြီး လုပ်ငန်းတစ်ခုရရှိခြင်း သို့မဟုတ် ထိန်းထားနိုင်ခြင်းအတွက် ဆုလာဘ်တစ်ခုအနေဖြင့်လည်းကောင်း၊ လုပ်ငန်းအကျိုးအမြတ်တစ်ခု ဖန်တီးရန်အတွက်လည်းကောင်း မျှော်လင့်ပြီး လုပ်ဆောင်ခြင်းမျိုးမဖြစ်စေရပါ။ လက်ဆောင်၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ 50 ထက်မပိုသင့်ပါ။

**စိုးရိမ်ပူပင်မှုများ**

သင်သည် မလျော်ကန်သည့် အပြုအမူဖြစ်နိုင်သည့်အကြောင်း စိုးရိမ်ပူပန်မှုများ ရှိပါက ကျေးဇူးပြု၍ အမှုဆောင်ဒါရိုက်တာအား သင်စိုးရိမ်သည့် အကြောင်းအရာများကို တင်ပြပါ။ ငွေပေးချေမှု၊ လက်ဆောင် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုတွင် တံစိုးလက်ဆောင်များ ပါဝင်နေမည်လားဟု သံသယဖြစ်ပါက ယင်း ငွေပေးချေမှု၊ လက်ဆောင် သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်းမပြုမီ အမှုဆောင် ဒါရိုက်တာအား မေးမြန်းပါ။